# ကရင်နီပြည်နယ် ကြားကာလလွှတ်တော် ဖွဲ့စည်းခြင်းဆိုင်ရာ ထုတ်ပြန်ကြေညာချက်

## (အမှတ် - ၁/၂၀၂၃)

**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာ့တပ်မတော်မှ နိုင်ငံတော်၏အာဏာ အရပ်ရပ်ကို အဓမ္မသိမ်းယူခဲ့သည်။ ထိုအာဏာသိမ်းမှုဖြစ်ရပ်ကို လက်ခံနိုင်ခြင်းမရှိသည့် ကရင်နီပြည်နယ်မှ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လူထုသပိတ်အင်အားစုများနှင့်အတူ ရပ်တည်ပြီး ကန့်ကွက်ခဲ့ကြသည်။ အာဏာသိမ်းမှု၏ နောက်ဆက်တွဲ မတည်မငြိမ်ဖြစ်မှုများ၊ နိုင်ငံရေးအခင်းအကျင်း ရှုပ်ထွေးမှုများကြောင့် လစ်ဟာနေသော ကရင်နီပြည်နယ်၏ နိုင်ငံရေးအခန်းကဏ္ဍကို ဦးဆောင်မှု ပြုပေးနိုင်ရန်အတွက် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council) ဖွဲ့စည်းသောအခါ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကရင်နီပြည်နယ်၏ နိုင်ငံရေးဦးဆောင်မှုတွင် အရေးပါသောထောက်တိုင်တစ်ရပ်အဖြစ်ရပ်တည်ပြီး ပြည်နယ်အတွင်းရှိ အခြားသောတော်လှန်ရေး အင်အားစုများနှင့်အတူ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အဖြစ်ပါဝင်ခဲ့ပါသည်။ ထို့အပြင် စစ်ကောင်စီနှင့်ပူးပေါင်းခြင်းမရှိသော အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များကို ကရင်နီပြည်နယ်၏ နိုင်ငံရေးအခင်းအကျင်းတွင် ဆက်လက်ပါဝင်နိုင်ရေးအတွက် ကရင်နီပြည်နယ် ကြားကာလအစီအမံတွင် **ဥပဒေပြုရေး ကော်မတီ** အဖြစ် ထည့်သွင်း ပြဋ္ဌာန်းထားရှိခဲ့ပါသည်။

ကရင်နီပြည်နယ် ကြားကာလအစီအမံအရ **ဥပဒေပြုရေးကော်မတီ** ကို ပေးအပ် ထားသော လုပ်ပိုင်ခွင့်အာဏာများသည် လွှတ်တော်တစ်ရပ်၏ အခွင့်အာဏာများနှင့် ညီညွတ်နေခြင်းကြောင့် သော်လည်းကောင်း၊ နိုင်ငံရေးအရ မဏ္ဍိုင်ကြီး (၃) ရပ်တွင် တစ်ခု အပါအဝင် ဖြစ်နေခြင်းကြောင့် သော်လည်းကောင်း **ကရင်နီပြည်နယ် ကြားကာလဥပဒေပြုရေး ကော်မတီ** အား **ကရင်နီပြည်နယ် ကြားကာလလွှတ်တော်** အဖြစ် အမည်နာမပြောင်းလဲ ခေါ်ဝေါ်သုံးစွဲရန် ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) သို့ အဆိုပြုတင်သွင်းခဲ့ပြီး မူအရ သဘောတူညီမှုရရှိခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် **ကရင်နီပြည်နယ် ကြားကာလလွှတ်တော်** အဖြစ်ရပ်တည်ကာ လွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များကို အစဉ်တစ်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ **ကရင်နီပြည်နယ်ကြားကာလလွှတ်တော်** ဖွဲ့စည်းထားရှိမှု အခြေအနေ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ပြည်တွင်းပြည်ပရှိ ပြည်သူများနှင့် နိုင်ငံရေးအင်အားစုများ ပိုမိုသိရှိပြီး ပူးပေါင်းဆောင်ရွက်မှုများပြုနိုင်ရန် ထုတ်ပြန်ကြေညာလိုက်သည်။

**ကရင်နီပြည်နယ် ကြားကာလလွှတ်တော်** ကို ၂၀၂၀ ပြည့်နှစ်၊ အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကနဦးဖွဲ့စည်းသည် -

| **စဉ်** | **အမည်** | **ကိုယ်စားပြုလွှတ်တော်** | **ရာထူး** |
|---|---|---|---|
| (၁) | ဦးဌေးအောင် | (ပြည်နယ်လွှတ်တော်) | ဥက္ကဋ္ဌ |
| (၂) | စောအားလ်ဒို | (အမျိုးသားလွှတ်တော်) | ဒုတိယဥက္ကဋ္ဌ - ၁ |
| (၃) | ခွန်းတင်နု | (ပြည်နယ်လွှတ်တော်) | ဒုတိယ ဥက္ကဋ္ဌ - ၂ |
| (၄) | အယ်ဗလင်း | (ပြည်နယ်လွှတ်တော်) | |
| (၅) | ဦးအယ်လ်ဖေါင်းရှို | (ပြည်နယ်လွှတ်တော်) | |
| (၆) | ဦးကွီတီးနို | (ပြည်နယ်လွှတ်တော်) | |
| (၇) | ဦးသိန်းအောင်(ခ)စဲရယ် | (ပြည်နယ်လွှတ်တော်) | |
| (၈) | ခွန်းအန်းဂျလို | (ပြည်နယ်လွှတ်တော်) | |
| (၉) | ခူးသဲရယ် | (ပြည်နယ်လွှတ်တော်) | |
| (၁၀) | မိုက်ကယ်ဘိုးရယ် | (ပြည်နယ်လွှတ်တော်) | |
| (၁၁) | မော်မိုးမြာ | (ပြည်သူ့လွှတ်တော်) | |
| (၁၂) | ဦးဘယ်ညာမီးနို | (ပြည်သူ့လွှတ်တော်) | |
| (၁၃) | ဦးရောဘတ်ညေးရယ် | (အမျိုးသားလွှတ်တော်) | |
| (၁၄) | ဦးစောဂျွန်အဲလ်ဘတ် | (အမျိုးသားလွှတ်တော်) | |
| (၁၅) | ဒေါ်ခင်သန်းနု | (အမျိုးသားလွှတ်တော်) | |

**ကရင်နီပြည်နယ်ကြားကာလလွှတ်တော်**သည် ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်အဖြစ် ကြားကာလအတွင်း ကရင်နီပြည်နယ်အတွက် လိုအပ်သော ဥပဒေပြုခြင်း၊ မဲဆန္ဒရှင် ပြည်သူလူထုများအား ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များအား စောင့်ကြည့်ထိန်းညှိမှုပြုခြင်း စသည့်လုပ်ငန်းစဉ်များဆောင်ရွက်ရန် ရည်ရွယ်သည်။

**ကရင်နီပြည်နယ်ကြားကာလလွှတ်တော်**သည် ကြားကာလအတွင်း အောက်ဖော်ပြပါ လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်အကောင်ထည်ဖော် ဆောင်ရွက်သွားမည် -

(၁) ပြည်သူလူထုအား အကာအကွယ်ပြုသည့် ဥပဒေများနှင့် အခြားကျင့်သုံးနိုင်ရန် လိုအပ်သည့် ဥပဒေများအား ရေးဆွဲပြဋ္ဌာန်းခြင်း၊

(၂) အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်တို့ကို စောင့်ကြည့်ထိန်းညှိခြင်း၊

(၃) ကရင်နီပြည်နယ်အတွင်းရှိ နိုင်ငံရေးအင်အားစုများ၏ ညီညွတ်ရေးနှင့် ပူးပေါင်းပါဝင်ရေးကို ဆောင်ရွက်ခြင်း၊

(၄) ပြည်တွင်း၊ ပြည်ပရှိ နိုင်ငံရေးအင်အားစုများနှင့် ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(၅) ပြည်သူလူထု၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာအစုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။

**ကရင်နီပြည်နယ်ကြားကာလလွှတ်တော်** သည် ပြည်သူလူထုနှင့်အတူ အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို အစဉ်ရပ်တည် ဆောင်ရွက်မည်။

**ကရင်နီပြည်နယ်ကြားကာလလွှတ်တော်**

ဆက်သွယ်ရန် - ksip@karennistate.org +66 813190590